# အရှင်ဣန္ဒောဘာသအား ကျောင်းထိုင်ဆရာတော်တင်မြှောက် မိတ်ဆက်ပွဲ ဖိတ်ကြားလွှာ

သပ္ပုရိသနွယ်ဝင် သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့

မြတ်ဗုဒ္ဓ၏သာသနာတော်မြတ်ကြီး ကမ္ဘာအနှံ့ပြန့်ပွားစေရန် မှန်ကန်သော သဒ္ဓါ၊ စေတနာတို့ကို အရင်းခံလျက် အမေရိကန်နိုင်ငံ အီလီနွိုင်းပြည်နယ် စပရင်းဖီး(လ်)မြို့ နှင့် ပတ်ဝန်းကျင် နီးစပ်သည့်မြို့များ၌ ဒါယကာ ဒါယိကာမများ ကိုးကွယ် ဆည်းကပ်ကုသိုလ်ရယူနိုင်ရန်အတွက် ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူလျက် ဒါယကာ ဒါယိကာမ အပေါင်းတို့သည် ၂၀၀၄ ခုနှစ် ဩဂုတ်လ(၈)ရက်နေ့တွင် သတိပဋ္ဌာန် ဝိပဿနာပြန့်ပွားရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ချမ်းမြေ့သတိပဋ္ဌာန်ဝိဟာရ ကျောင်းတော်ကြီး ကို ဝယ်ယူဖွင့်လှစ်သာသနာပြုခဲ့ရာ ပဌမဦးစွာ ဆရာတော် ဦးဂုဏသီရိသည် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ် မှ ဩဂုတ်လ ၂၀၁၀ ခုနှစ်အထိ ဆရာတော်ဦးရေဝတက ဒုတိယကျောင်းထိုင်ဆရာတော်အဖြစ် ဆက်လက်၍ တာဝန်ယူ ထမ်းဆောင် သာသနာပြုခဲ့ပါသည်။

ယခုအခါတွင် တတိယမြှောက်ကျောင်းထိုင် ဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်မည့် **အရှင်ဣန္ဒောဘာသ** အား **ကျောင်းထိုင်ဆရာတော် တင်မြှောက် မိတ်ဆက်ပွဲ** ကို အောက်ဖေါ်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ဗုဒ္ဓသာသနာ စည်ပင်တိုးတက် တည်မြဲရန် စေတနာမှန် ရည်စိတ်သန်ကြကုန်သော ဒါယကာ ဒါယိကာမများ ဓမ္မမိတ်ဆွေ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ | ၂၀၁၀ ဩဂုတ်လ ၁၅ ရက် တနင်္ဂနွေနေ့ |
| ကျင်းပမည့်အချိန် | နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီ အထိ |
| ကျင်းပမည့်နေရာ | ချမ်းမြေ့သတိပဋ္ဌာန ဝိဟာရကျောင်းတော်ကြီး |

**Satipatthana Vipassana Association**,
#9 Harriet Lane, Springfield, IL 62702
Phone: (217) 726 9601

မှတ်ချက်။ ။ ဆရာတော် သံဃာတော်များနှင့် တရားစခန်းဝင်နေသည့်ယောဂီများအတွက် မိမိတို့ကြိုက်နှစ်သက်ရာ ဆွမ်း၊ ဆွမ်းဟင်းလျာ၊ အချိုပွဲ စသည်တို့ကို ဆက်ကပ်လှူဒါန်းနိုင်ကြပါသည်။